# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | |
| ၁။ | မြန်မာနိုင်ငံ အုပ်ချုပ်ပုံစနစ် | ၁ |
| ၂။ | ကိုလိုနီခေတ်မြန်မာနိုင်ငံ (၁၈၈၆–၁၉၄၂) အား သုံးသပ်လေ့လာခြင်း | ၂၉ |
| ၃။ | ဂျပန်ခေတ် နိပ္ပွန်နှင့် နိဂုံး | ၄၇ |
| ၄။ | မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ (၁၉၂၃–၂၀၁၀) | ၅၃ |
| ၅။ | ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့များ | ၈၇ |
| ၆။ | ဖဆပလ၏ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့မှုများ | ၉၃ |
| ၇။ | ဖဆပလခေတ် ဖြစ်ပျက်သမျှ | ၉၉ |
| ၈။ | ပါတီစုံစနစ်မှ တစ်ပါတီစနစ်သို့ ပြောင်းလဲခြင်း | ၁၃၃ |
| | ဦးကျော်ငြိမ်း၏ အတ္ထုပ္ပတ္တိအကျဉ်း | |


## အမှာစာ

မြန်မာ့နိုင်ငံရေးသမိုင်းကို လေ့လာကြည့်လျှင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးအကြိုခေတ်၊ လွတ်လပ်ပြီးခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်ဟူ၍ ခေတ်အဆက်ဆက် ရှည်လျားလှသောခေတ်များကို ဖြတ်သန်းခဲ့ရသည်။ ခေတ်ပြောင်းလဲသည်နှင့်အမျှ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်အသီးသီးသည်လည်း ပြောင်းလဲခဲ့သည်။ သမိုင်းဟူသည် အတိတ်ကအမှားများကို သင်ခန်းစာယူပြီး အနာဂတ်ကို မည်သို့ ကောင်းမွန်အောင် တည်ဆောက်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် လေ့လာရသော ဘာသာရပ်ဖြစ်သည်။ သမိုင်းကို ရေးသားပြုစုရာတွင် အထောက်အထားခိုင်လုံမှု၊ ဘက်လိုက်မှုကင်းသော သမိုင်းဖြစ်ဖို့ လိုအပ်သည်။ သာဓကအားဖြင့် ခေတ်ပြိုင်သမိုင်းအထောက်အထားများတွင် သတင်းစာလည်း အပါအဝင်ဖြစ်သည်။ ဖဆပလခေတ်တွင် ထုတ်ဝေသောသတင်းစာများတွင် နိုင်ငံရေးပါတီများကို ကျောထောက်နောက်ခံပြု၍ ထုတ်ဝေသော သတင်းစာများလည်းရှိရာ ထိုသတင်းစာများသည် ဘက်လိုက်မှုရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် သမိုင်းရေးသားသူသည် စိစစ်ရန်လိုအပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့သည် အထူးပြုနယ်ပယ်အလိုက် ခေတ်အပိုင်းအခြားအလိုက် သုတေသနပြု၍ စာအုပ်များထုတ်ဝေခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ မြန်မာသမိုင်းအဖွဲ့ဝင်များသည် မိမိတို့ အထူးပြုနယ်ပယ်အလိုက် စာအုပ်များပြုစုခြင်း၊ သုတေသနစာတမ်းများ ထုတ်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ပါသည်။ ၎င်းတို့၏ လက်ရွေးစင်စာတမ်းများကိုလည်း ထုတ်ဝေလျက်ရှိပါသည်။ ယခုတစ်ကြိမ်တွင် မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်ငြိမ်း၏ လက်ရွေးစင်စာတမ်းများကို တစ်စုတစ်စည်းတည်း ထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်တွင် ဦးကျော်ငြိမ်း၏ လက်ရွေးစင်စာတမ်း (၈)စောင်ပါဝင်သည်။

ဦးကျော်ငြိမ်းသည် လွတ်လပ်ပြီးခေတ်သမိုင်းကို တာဝန်ယူသုတေသနပြုနေသူဖြစ်ပြီး သူ၏စာတမ်းများတွင် ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဆိုင်ရာ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို အသေးစိတ် တင်ပြထားသည်ကို တွေ့ရှိရပါသည်။ "ဂျပန်ခေတ်နိပ္ပွန်နှင့်နိဂုံး" စာတမ်းတွင် မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာနေထိုင်ခဲ့ရာမှ ဗြိတိသျှကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရပုံ၊ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ခဲ့သော်လည်း ဂျပန်အကူအညီဖြင့် လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ရာ ကံမကောင်းအကြောင်းမလှဘဲ ဖက်ဆစ်ဂျပန်လက်အောက်သို့ ရောက်ခဲ့ရပုံ၊ ဆိုးရွားလှသော ဖက်ဆစ်ဂျပန်တို့လက်အောက်မှ လွတ်မြောက်ရန် ထပ်မံကြိုးပမ်းရပုံတို့ကို တင်ပြထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် အာဏာရရှိလာသော နိုင်ငံရေးပါတီမှာ ဖဆပလပင်ဖြစ်သည်။ ဖဆပလသည် ၁၉၄၈ မှ ၁၉၅၈ထိ ဆယ်နှစ်တာ အုပ်ချုပ်ခဲ့သည်။ ဖဆပလအုပ်ချုပ်သည့်ကာလတွင် မြန်မာ့နိုင်ငံရေးသည် အပြောင်းအလဲများစွာနှင့် ကြုံတွေ့ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံ၏ အနာဂတ်သည် ကောင်းမွန်တော့မည်ဟု မျှော်လင့်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုရှိခဲ့ခြင်း၊ သယံဇာတများပေါကြွယ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သောအနာဂတ်ကို မျှော်လင့်ခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် မျှော်မှန်းသလိုဖြစ်မလာဘဲ ဝါဒရေးရာကွဲပြားခြင်း၊ လူမျိုးစုပြဿနာတို့ကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်လာသည်။ အာဏာရဖဆပလအတွင်းတွင်လည်း ပုဂ္ဂိုလ်ရေးရာမုန်းတီးမှုကြောင့် ပါတီနှစ်ခြမ်းကွဲခဲ့ပြီး တိုင်းပြည်ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုသည် နှောင့်နှေးခဲ့ရသည်။ မြန်မာနိုင်ငံရေးတွင် အကွဲအပြဲပြဿနာသည် ကိုလိုနီခေတ်ကပင် သန္ဓေတည်လာခဲ့ပြီး နောက်ပိုင်းတွင်လည်း ပို၍ဆိုးရွားလာခဲ့သည်။ ထိုအကြောင်းအရာကို စာရေးသူ ဦးကျော်ငြိမ်းသည် "ဖဆပလခေတ်ဖြစ်ပျက်သမျှ" ဟူသောခေါင်းစဉ်ဖြင့် တင်ပြထားသည်။ စာရေးသူသည် နိုင်ငံရေးသင်ခန်းစာယူစေချင်သည့် ဆန္ဒဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက် နိုင်ငံရေးစနစ်ပြောင်းလဲသကဲ့သို့ အုပ်ချုပ်ရေးစနစ်ပါလိုက်ပါပြောင်းလဲခဲ့သည်။ ပဒေသရာဇ်ခေတ်တွင် မင်းကိုဗဟိုပြုသော ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်၊ ကိုလိုနီခေတ်တွင် ကိုလိုနီစနစ်ကိုအထောက်အကူပြုသော ဗျူရိုကရေစီအုပ်ချုပ်ရေးစနစ်၊ လွတ်လပ်ပြီးခေတ်တွင်လည်း အာဏာရအုပ်စိုးသူတို့၏ စိတ်တိုင်းကျအကောင်အထည်ဖော်ခဲ့သော အုပ်ချုပ်ရေးစနစ်အမျိုးမျိုးပြောင်းလဲခဲ့ပုံကိုလည်း စာရေးသူ ဦးကျော်ငြိမ်း၏ "မြန်မာနိုင်ငံအုပ်ချုပ်ပုံစနစ်" သုတေသနစာတမ်းတွင် ဖတ်ရှုရသည်။ စာရေးသူသည် အုပ်ချုပ်ရေးစနစ်များ၏ အားသာချက်၊ အားနည်းချက်တို့ကိုလည်း သုံးသပ်ပြသထားသဖြင့် နိုင်ငံရေးလေ့လာသူများအတွက် အကျိုးရှိစေသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာသမိုင်းအဖွဲ့ဝင်၊ ဦးကျော်ငြိမ်းသည် တက္ကသိုလ်ဆရာ၊ တက္ကသိုလ်များသမိုင်းသုတေသန (ယခု သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန) တွင် သုတေသနလက်ထောက်မှ ညွှန်ကြားရေးမှူးအဆင့်အထိ သုတေသနလုပ်ငန်းများတွင် ကျင်လည်ခဲ့သူ၊ မြန်မာသမိုင်းအဖွဲ့ဝင် တစ်ဦးအဖြစ်လည်း သုတေသနစာတမ်းများကို ပြုစုခဲ့သူ၊ မြန်မာ့သမိုင်းဆိုင်ရာစာအုပ်များကိုလည်း ပြုစုထုတ်ဝေခဲ့သူတစ်ဦးဖြစ်သည်။ "ရဲဘော်သုံးကျိပ်"၊ "ပင်လုံရုပ်ပုံလွှာ" စသည့်စာအုပ်များသည် စာဖတ်သူတို့အားပေးခြင်းခံရသည့် စာအုပ်များပင်ဖြစ်သည်။ ဦးကျော်ငြိမ်း၏ ထူးခြားချက်မှာ မျိုးဆက်သစ်လူငယ်များအား သူ၏အတတ်ပညာကို မျှဝေပေးခြင်းပင်ဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်ငြိမ်း၏ လက်ရွေးစဉ်သုတေသနစာတမ်းများစာအုပ်သည် မြန်မာ့နိုင်ငံရေးသမိုင်းကို လေ့လာနေသူများအတွက် မှီငြမ်းပြုစရာ စာအုပ်တစ်အုပ်အဖြစ် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

( ဒေါက်တာကျော်ဝင်း )

အတွင်းရေးမှူး

မြန်မာသမိုင်းအဖွဲ့